# ရဟန္တာအပေါင်းပွဲ

ရှင်မာတေဦး ၅း၁-၁၂က

ရှေးဦးအသင်းတော်တုန်းက ခရစ်ယာန်တွေကို ရဟန္တာ လို့ ခေါ်ကြပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ဟာ ကျန်လောကသားတွေလို အပြစ်တွေကို မလုပ်ပဲ ခရစ်တော်ရဲ့တရားတော်အတိုင်း ကောင်းကောင်းမွန်မွန်နဲ့ ချစ်ခြင်းမေတ္တာထားပြီး နေထိုင်ကြလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ အပြစ်လုံးဝကင်းစင်မှ ရဟန္တာဖြစ်တာရယ်မဟုတ်ပါဘူး။ ဥပမာ - မာရီယားမာဒလေနားတို့လို၊ စိန်သြဂုတ်စတင်းတို့လို နောင်တရလာကြတဲ့အပြစ်သားတွေ အများကြီးပါ။ သူတို့ဟာ ဘယ်လိုလုပ် ရဟန္တာဖြစ်သွားရတာလဲ။ ယနေ့ဖတ်ရတဲ့ ဗျာဒိတ်တော်ကျမ်းမှာ "သူတို့သည် မိမိတို့၏ဝတ်ရုံများကို သိုးငယ်တော်၏သွေး၌ ဆေးကြော၍ ဖြူစင်ခဲ့ကြပြီ။" တဲ့။ သူတို့ဖာသာသူတို့ ကောင်းခဲ့ကြတာ မဟုတ်ပါဘူး။ သူတို့က နောင်တရကြလို့ သူတို့အပြစ်တွေက အပြစ်မရှိတော့သလို ဖြူစင်သွားကြပါတယ်။

ဒီလိုနည်းနဲ့ အပြစ်ရှိတဲ့သူတွေက နောင်တရပြီး ကောင်းကင်ဘုံကို ရောက်ကြတာကြောင့် ကောင်းကင်ဘုံမှာ လူဦးရေ ဘယ်လောက်များသလဲဆိုတော့ "ထို့နောက် ငါကြည့်လိုက်သောအခါ အဘယ်လူသားမျှ မရေမတွက်နိုင်အောင် များပြားလှသော လူအစုအဝေးကြီးကို မြင်ရ၏။ ထိုသူတို့သည် တိုင်းနိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံမှလူများ ဖြစ်ကြ၏။" တဲ့။ ကောင်းကင်ဘုံကို ဝင်ရောက်တဲ့သူတွေက မရေမတွက်နိုင်အောင် များတယ်လို့ ကိုယ်တိုင်မြင်ရတဲ့ ရှင်ယောဟန်က ဆိုထားပါတယ်။

တကယ်တမ်းတော့ ရဟန္တာတွေက ရိုးရိုးသာမန်အတိုင်း

ကျင့်ကြံနေထိုင်ကြပြီး ကျနော်တို့ လောကီသားတွေကသာ ထူးထူးခြားခြား လုပ်နေကြတာပါ။ ဟုတ်တယ်လေ၊ ရဟန္တာတွေက ရိုးရိုးသာမန်အတိုင်း နေထိုင်တယ်ဆိုတာက မကောင်းတာဆို မလုပ်ဘူး၊ ကောင်းတာဆိုရင် လုပ်တယ်။ ဒါဟာ ရိုးရိုးသာမန်အတိုင်း နေနေကြတာပါ။ ကျနော်တို့လောကီသားတွေက သာမန်ထက် ထူးခြားပြီး မကောင်းတာဆို လုပ်တယ်ဗျာ။ ကောင်းတာဆို မလုပ်ဘူး။ အဲဒါ ထူးခြားတာ မဟုတ်ဘူးလား။ အမှန်ဆိုရင် လူ့သဘာဝအတိုင်း မကောင်းတာဆို မလုပ်ဘူးမဟုတ်လား။ ကောင်းတာမှ လုပ်တာမဟုတ်ဘူးလား။ ကောင်းတာဆို စားတယ်၊ မကောင်းတာဆို မစားဘူး၊ ဒါက ထုံးစံပဲလေ။ ဘာဖြစ်လို့များ မကောင်းတာမှ လုပ်ချင်နေကြရတာလဲ။ ကာမဂုဏ်ကျူးလွန်ခြင်း၊ မစင်ကြယ်ခြင်း၊ အကျင့်တရားဖောက်ပြန်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ စုန်းကဝေအတတ်ကို လိုက်စားခြင်း၊ မလိုမုန်းထားခြင်း၊ ခိုက်ရန်ဖြစ်ပွါးခြင်း၊ မနာလိုခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ သဝန်တိုခြင်း၊ လူ့အသက်သတ်ခြင်း၊ သောက်စားမူးယစ်ခြင်းနှင့် အပျော်အပါးလွန်ကျူးခြင်းတွေဖြစ်ပါတယ်။ အဲဒီလို မဖြစ်သင့်ပဲ ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ရွှင်လန်းခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာရှိခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကို ချုပ်တည်းနိုင်ခြင်းတွေ ဖြစ်နေသင့်ပါတယ်။

ခရစ်ယာန်ဝါဒက လောကမှာ ပျော်ပျော်ပါးပါးနေတာကို တားမြစ်ကန့်ကွက်တာ မဟုတ်ပါဘူး။ လောကလူ့ဘဝကို မုန်းတီးရှောင်ရှားရေးလည်း မဟုတ်ပါဘူး။ တစ်ယောက်ကိုတစ်ယောက် ချစ်ခြင်းမေတ္တာထားကြဖို့သာ သွန်သင်ပါတယ်။ သူတစ်ပါးကို မိမိကိုယ်ကို ချစ်သလိုချစ်ဖို့၊ ဘုရားကို အရာခပ်သိမ်းတို့ထက် ပိုချစ်ဖို့ပဲ သွန်သင်ပါတယ်။ လောကမှာ အပျော်ကျူးနေတဲ့သူက ဘုရားနဲ့

ပေါင်းစပ်နိုင်ပါ့မလား။ ကိုယ့်အတွက်ပဲ တစ်ကိုယ်ကောင်းဆန်နေတဲ့သူက သူတစ်ပါးကို ချစ်နိုင်ပါ့မလား။ လူတိုင်းက ခရစ်ယာန်တရားတော်အတိုင်း မေတ္တာထားတတ်ကြရန် ဘယ်နေရာမှ စစ်ဖြစ်မှာ မဟုတ်တော့ဘူး။

မှန်ပါတယ်။ လောကမှာ အပြစ်ကင်းကင်းနေနိုင်ဖို့ ခက်ပါတယ်။ နှောက်ယှက်ခြင်းတွေ၊ အခက်အခဲဒုက္ခတွေနဲ့ လုံးပမ်းနေရလို့ စိတ်တိုမယ်။ မုန်းတီးမယ်၊ မနာလိုမယ်။ ဒါပေမဲ့ ယနေ့ကြားနာရတဲ့ မင်္ဂလာတရား (၈)ပါးထဲက စိတ်ထားတွေအတိုင်းဖြစ်ဖို့ သင့်ကိုချစ်တဲ့ဘုရားကို နာခံစရာလိုပါတယ်။အတွင်းစိတ်၌ဆင်းရဲတဲ့သူ၊ အပြစ်အများတွေအတွက် ဝမ်းနည်းပိုကြွေးတဲ့သူ၊ စိတ်နှလုံးနူးညံ့သိမ်မွေ့တဲ့သူ၊ ဖြောင့်မတ်မှန်ကန်စေလိုတဲ့သူ၊ သနားတတ်တဲ့သူ၊ ရိုးသားဖြူစင်တဲ့သူ၊ ခိုက်ရန်ကို မလိုလားတဲ့သူ၊ ဖြောင့်မတ်ခြင်းတရားအတွက် ညှင်းပန်းနှိပ်စက်ခံရတောင် ခံထမ်းဖို့အသင့်ရှိနေသူတွေဟာ မင်္ဂလာရှိသူတွေ ဖြစ်ကြပါတယ်။ အဲလိုစိတ်ထားတွေ သင့်မှာ မရှိနိုင်ဘူးလား။ အဲလို စိတ်ကောင်းနှလုံးကောင်း မွေးဖို့ သင်မှာ မဖြစ်နိုင်ဘူးလို့ သင် ထင်နေပါသလား။ ဖြစ်နိုင်လို့မှ ကောင်းကင်ဘုံမှာ ရဟန္တာတွေ မရေမတွက်နိုင်အောင် များနေပါတယ်လို့ ပြောပြီးပြီပဲ။

ကြိုးစားရမှာပါ ဘာသာသူတို့။ အဲလို ခက်ခဲတဲ့ကြားက ကြိုးစားရင် လောကမှာ ကြုံတွေ့ရတဲ့ ဒုက္ခပေါင်းစုံနဲ့တောင် နှိုင်းယှဉ်လို့မရနိုင်တဲ့ ဆုလဒ်ကို ကောင်းကင်နိုင်ငံတော်မှာ ရရှိမယ်လို့ ကျမ်းစာမှာ အခုလို ရေးထားပါတယ်။ “ငါတို့ ခေတ္တခဏခံရသောဒုက္ခဆင်းရဲအနည်းငယ်သည် နှိုင်းယှဉ်၍မရနိုင်အောင် ကြီးမြတ်သည့်ထာဝရဘုန်းကျက်သရေကို ငါတို့အတွက် ပြင်ဆင်ပေးနေခြင်းဖြစ်၏။” (ကော်ရိန်သု ဒု ၄း၁၇)

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။